
နန္ဒာမိုးကြယ်
သေရွာပြန်လူသား
နှင့်
ဂမ္ဘီရဝတ္ထုများ
2008



# သေရွာပြန်လူသား

## နိဒါန်းအစ

တစ်နေ့သ၌ မိမိအလုပ်လုပ်ရာ စာပေတိုက်သို့ စာတိုက်မှ တစ်ဆင့် ပါဆယ်ထုပ်တစ်ထုပ် ရောက်ရှိ လာလေသည် ။ အပူတပြင်း လုပ်ဆောင်စရာအလုပ်ကိစ္စများ မရှိရသေးလေရကား မိမိလည်း အေးအေးလူလူပင် ဖလက်ဖောက်သော ချိုးဓားလေးဖြင့် ပါဆယ်ထုပ်အား ဖောက် လိုက်လေသည် ။

ပါဆယ်ထုပ်ကို ဖွင့်လိုက်သောအခါ စာရွက်ခေါက်ကလေးတစ်ခေါက်နှင့် အတူ ဒိုင်ယာရီစာအုပ် တစ်အုပ်တို့ ကို တွေ့ရလေ၏။ ဦးစွာ စာရွက်ခေါက်ကိုဖြန့်၍ ကြည့်လိုက်ရာ တစ်ချိန်က တက္ကသိုလ်တွင် အတူတကွနေခဲ့ဖူးသော သူငယ်ချင်းစောကျော်သိန်း၏ စာဖြစ်နေလေသည် ။ သူနှင့် မိမိတို့ ကွဲကွာနေ သည် မှာ ကာလတော်တော်ကြာခဲ့လေရကား ... မိမိမှာ ၎င်းကို ယောနယ်ဘက်၌ ကျောင်းဆရာလုပ်နေ သည် ဟု သာ သိရှိထားခဲ့ပြီး မေ့မေ့လျော့လျော့ ဖြစ်နေကြောင်း ဝန်ခံရပါမည်။ ယခုကဲ့သို့ ကာလအတန် ကြာ ကွဲကွာနေခဲ့သော သူငယ်ချင်းဆီက တခုတ်တရ ဆိုသလို ကျွန်ုပ်အလုပ်လုပ်ကိုင်ရာ စာပေတိုက်ကို စုံစမ်းလျက် စာဖြင့် အဆက်အသွယ်လုပ်လာခြင်းအပေါ် များ စွာမှ ဝမ်းသာရသည် နှင့် အမျှ တအံ့တဩ လည်း ဖြစ်ရပါချေ၏။

သူငယ်ချင်းနန္ဒာကြီး

မမျှော်လင့်ဘဲ ငါ့ဆီက စာရေးဆက်သွယ်လိုက်တဲ့ အတွက် အံ့ဩနေ

မလားတော့ မသိဘူး။ မင်းဆီကို ခုမှ စာရေးဖြစ်တယ်ဆိုပေမဲ့ တို့ နယ်ထဲကို ရောက်နေတဲ့ စာအုပ်တွေထဲက မင်းရေးတဲ့ စာတွေ ကို မလွတ်တမ်းဖတ်ဖြစ်နေပါတယ်။ စာပေနယ်မှာ လူသိတဲ့ ကလောင်တစ်ချောင်းဖြစ်ရုံမက နာမည် ကျော် မဂ္ဂဇင်းတွေမှာ ပါ အယ်ဒီတာလုပ်နေတာဆိုတော့ မင်းဆီကို ခုလိုမျိုး အလွယ်တကူ ဆက်သွယ် နိုင်တာပဲပေါ့။

ငါအခု ကျောင်းဆရာလောကကနေ ဆေးပင်စင်ယူပြီး တိုင်းရင်းဆေးဆရာ လုပ်နေတယ်။ အစစအရာရာ အဆင်လည်း ပြေပါတယ်။ အဲသည် လို ဆေးကုရင်းက ဦးမေတ္တာဆိုတဲ့ အဘိုးကြီးတစ်ဦး နဲ့တွေ့ဆုံမိပြီး သူ့ဆီက ထူးဆန်းအံ့ဩဖွယ်ကောင်းတဲ့ အကြောင်းတွေကိုကြားလာရတယ်။ သူ့အဖြစ် တွေက တကယ့်ကို မယုံနိုင်လောက်အောင်ပဲ။ ငါက စာပေဝါသနာပါပေမဲ့ ဖတ်တာသက်သက်ပါ။ မင်းလိုမျိုး တစ်ဖွဲ့တစ်နွဲ့နဲ့ စာဖတ်သူစိတ်ဝင်စားလောက်အောင် မရေးတတ်ပါဘူး။

ဒါပေမဲ့ သူငယ်ချင်းရယ် ... ငါလေ ဦးမေတ္တာဆိုတဲ့ အဘိုးကြီးနဲ့ ပြောဆိုမိရာက သူ့ဆီက ကြား လာရတဲ့ ထူးဆန်းအံ့ဩဖွယ်ရာတွေကိုတော့ ဘယ်ခါမျှ မေ့ဖျောက်လို့ ရနိုင်မှာ မဟုတ်ဘူး ။ အဲဒါကြောင့် မေ့ပျောက်မသွားရအောင်ဆိုပြီး အဘိုးကြီးရဲ့ ခွင့်ပြုချက်နဲ့ ငါ့ရဲ့ ဒိုင်ယာရီထဲမှာ မှတ်တမ်းတင် ရေးသား လိုက်ရတာပဲ။ အဲဒါကို မင်း သေသေချာချာဖတ်ပြီး ပြင်ဆင်တည်းဖြတ်လို့ မင်းအနေနဲ့ တကယ့်ဖြစ်ရပ်ဝတ္ထုအဖြစ် ပြန်ရေးရင် သိပ်ကောင်းမယ်ထင်ပါတယ်။ ကြိုက်သလို ပြင်ဆင်တည်းဖြတ်ပါ။ စာမျက်နှာ ပေါ် တင်သင့်ရင် တင်ပါ။ မင်းရဲ့ ကလောင်နာမည်နဲ့ ပဲ ဖော်ပြပါ။ ငါခွင့်ပြုပါတယ်။ ငါရှိတဲ့ ယောနယ် ဘက်ကို ရောက်ဖြစ်ရင် ဝင်လာလို့ ရအောင် လိပ်စာကို ရေးထည့်ပေးလိုက်ပါတယ်"

သူငယ်ချင်းစောကျော်သိန်းက ၎င်း၏ စာအဆုံးတွင် ဆက်သွယ်သွားလာနိုင်သော လိပ်စာကို ရေးထည့်ပေး လိုက်လေရာ မတော်တဆ ပျောက်ပျက်၍ မသွားရလေအောင် မိမိ၏ မှတ်စုစာအုပ် အတွင်းတစ်နေရာ၌ မင်နီဖြင့် ရေးမှတ်ထား လိုက်လေတော့၏။

သည့် နောက် စောကျော်သိန်း၏ ရေးသားမှတ်တမ်းတင်ချက်တို့ ဖြင့် ဖွဲ့စည်းထားသည့် ဒိုင်ယာရီစာအုပ်ကို ကောက်လှန်ပြီး တစ်ရွက်ချင်း တစ်ရွက်ချင်း စိတ်ရှည်လက်ရှည် ဖတ်သွားခဲ့လေရာ စာမျက်နှာ ၁၀ မျက်နှာခန့်အရောက် ဖုန်းခေါ်သံကြားသဖြင့် စာအုပ်ကို ခေတ္တမှောက်ထားပြီး ဖုန်းခွက် ကို ကိုင်လိုက်ရတော့၏။ မိမိ၏ စိတ်အာရုံဝယ် စောကျော်သိန်း၏ မှတ်တမ်းစာအုပ်မှ လွဲ၍ အခြားမရှိ လေရကား ဖုန်းကို စိတ်မပါ့တပါဖြင့် ကောက်ယူနားဆင်ရင်း အလိုက်သင့်ဖြေဆို၍ စကားစကို ဖြတ်လိုက်ရလေတော့၏။ တိုက်မှာ နေလို့ ကလည်း အလုပ်က ထူးထူးထွေထွေသိပ်မရှိ အာလာပ သလ္လာပနှင့် လာရောက်လေပန်းကြသူတို့ သာ ရှိကြလေသည် မို့ မိမိလည်း ရုံးဝန်ထမ်းအချို့အား မှာ စရာ ရှိသည် တို့ ကို မှာ ကြားကာ အေးအေးလူလူရှိမည့် တစ်နေရာသို့ ထွက်လာမိခဲ့လေတော့၏။ သို့မှ သာ စိတ်အေးလက်အေး နားအေးပါးအေးဖြင့် ဖတ်ရှုခွင့်ရမည် မဟုတ်ပါလား။

***

မိမိရောက်ရှိသွားသော နေရာကလေးက ယမင်းစားတော်ဆက် အပေါ်ထပ်မှာ ဖြစ်သည် ။ နေ့လယ်နေ့ခင်းမို့ လူသူရှင်းပေရာ အေးဆေးငြိမ်သက်မှုကို နှစ်သက်သည့် မိမိအဖို့ လွန်စွာမှ အကြိုက် တွေ့သွားပါလေ

တော့၏။ စောကျော်သိန်းကာ စာရေးဆရာတစ်ဦး မဟုတ်သော်ငြားလည်း စိတ်ဝင်စား ဖွယ်အဖြစ်အပျက်တို့ ကို မူလရည်ရွယ်ချက် ပျက်ပြားမသွားစေရဘဲ ပစ်မှတ်တည့်အောင် စွမ်းဆောင်နိုင် မည်ဟု မိမိယူဆပါသည် ။ ယူဆသည့် အတိုင်းပင် ၎င်းရေးလာသော မှတ်တမ်းစာအုပ်ကလည်း အံ့ဩ ဖွယ်ရာများ နှင့် ဆွဲဆောင်မှုရှိလှပါချေ၏။

မိမိအဖို့ ၎င်းမှတ်တမ်းစာအုပ်ပါ အကြောင်းအရာ အဖြစ်အပျက်တို့ကို 'ဂမ္ဘီရလောက'အပေါ် စိတ်ဝင်စားကြကုန်သော စာဖတ်ပရိသတ်အပေါင်းတို့ ဖတ်ရှုနိုင်ကြစေရန် စာမျက်နှာထက် တင်ဖို့ ရာ သိပ်မစဉ်းစားလိုက်ရ။ ပြီးတော့ ၎င်းရေးလာသည့် အပေါ် ဘာမျှလည်း နငယ်အပြီးတပ်စရာ၊ ဆီဆမ်း နှမ်းဖြူးစရာ အကြောင်းမရှိ။ နောက်ဆက်ပုဒ်အနည်းငယ် စာပိုဒ်အခွဲအပြု၊ စာနှင့် စကားပြောတို့ ကွဲပြားအောင် ခွဲခြားမှု ဒါကလေးတွေလောက်သာ တို့ ထိပေးပြီး သကာလ ၎င်းတင်ပြရေးသားထားသည့် အတိုင်းပင် လွှတ်ပေးလိုက်ပါသည် ။ အယ်ဒီတာအမြင်ရှုထောင့်မှ ကောင်းသည် ထင်၍ လွှတ်ပေး လိုက်မှုအပေါ် ချီးမွမ်းစရာရှိက ၎င်းအပေါ်ချီးမွမ်းကြကုန်ပြီး အပြစ်တင်စရာရှိက မိမိအပေါ်၌ သာ အပြစ်ပုံချစေလိုကြောင်း စကားဦးသန်းလိုက်ရပါတော့၏။

***